Interim Executive Council
Karenni State

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ် လုပ်ငန်းဆောင်ရွက်မှု
# အစီရင်ခံခြင်း

အောက်တိုဘာလ (၃၀)ရက်၊ ၂၀၂၅ ခုနှစ်။

ဆက်သွယ်ရန် - Emial:Karenni-IEC@protonmail.com
SIngnal number:+66636870154
Facebook: https://www.facebook.com/InterimExecutiveCouncilofKarenniState

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ပြည်ထဲရေးဌာန

၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံခြင်း
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်




## ပြည်ထဲရေးဌာန

ပြည်ထဲရေးဌာနသည် ပြည်သူ့အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ၊ ကရင်နီပြည်ရဲ ဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲနှင့် အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲတို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက် လျက်ရှိပါသည်။

### (က) ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ

၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်အထိ ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲမှ ဦးဆောင်၍ ကရင်နီပြည်သူလူထုနှင့် သက်ဆိုင်ရာအင်အားစုများ အားလုံးပါဝင်သော အုပ်ချုပ်ရေး ယန္တရားအား ဖော်ဆောင်လျက်ရှိပြီး မြို့နယ် (၁၆) ခုနှင့် မြို့ (၁) မြို့ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထို့အပြင် အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသန္တရအုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒအား ရေးဆွဲခြင်း၊ မြို့နယ်အုပ်ချုပ်ရေးကော်မတီ/ကောင်စီများ၏ ရုံးလုပ်ငန်းလည်ပတ်မှုများအား လမ်းညွှန်ကြပ်မတ်စစ်ဆေးခြင်း၊ မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးကောင်စီ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းအကောင်ထည်ဖော်ဆောင်ခြင်း၊ ကရင်နီ ပြည်သူ့အုပ်ချုပ်ရေး သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ ဌာနခွဲများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

### ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲမှ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ

**စီမံကိန်း အရေအတွက်**
**(၃၀) ခု**

**စီမံကိန်း ဆောင်ရွက်သော မြို့နယ်အရေအတွက်**
**(၃)ခု**

**စီမံကိန်းရေယာ နန်းမယ်ခုံ လွိုင်နန်းဖ ဒီးဘောင်းခူ**

**စီမံကိန်းတစ်ခု၏ တန်ဖိုး**
**သိန်း (၅၀)**




## (ခ) ကရင်နီပြည်ရဲဌာနခွဲ

၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်အတွင်း ကရင်နီပြည်ရဲဌာနခွဲသည် ဌာနချုပ်၊ နယ်မြေရဲစခန်း၊ ရဲကင်းများဖြင့် ကရင်နီပြည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဌာနချုပ်တွင် ပြည်သူ့ရေးရာဌာန၊ သတင်းနှင့်ပြန်ကြားရေးဌာန၊ ရဲရေးရာဌာန၊ စွမ်းရည်မြှင့်တင်ရေးဌာနနှင့် ဘဏ္ဍာရေးဌာနများ ဖွဲ့စည်းထားရှိပါသည်။ ရဲစခန်းများတွင် ရုံးအဖွဲ့၊ နယ်ထိန်းအဖွဲ့၊ အမှုစစ်အဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ယာဉ်ထိန်းအဖွဲ့များဖြင့် ရဲလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကရင်နီပြည်ရဲဌာနသည် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (KSCC) နှင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)တို့မှ အတည်ပြုပြဌာန်းထားသော ကရင်နီပြည်ရဲဥပဒေ၊ ရဲလမ်းညွှန်များအတိုင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။ မှုခင်းနှင့် မှတ်တမ်းဌာနခွဲ၏ တာဝန်များဖြစ်သည့် နယ်မြေရဲစခန်းများမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားသည့် အမှုစာရင်းများ၊ တရားခံစာရင်းများ၊ ရဲစစ်ဆေးဆဲအမှုစာရင်းများ၊ တရားရုံး စစ်ဆေးဆဲ အမှုစာရင်းများ၊ အမိန့်ချမှတ်ပြီး အမှုစာရင်းများနှင့် ထောင်ပို့/ရဲအချုပ် စာရင်းများအား စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါသည်။

ယာဉ်ထိန်း ဌာနခွဲသည် ယာဉ်ထိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နယ်မြေရဲစခန်း များရှိ ကျေးရွာ ပြည်သူ လူထုများအား



ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူစည်ကားသည့် နေရာများတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် နယ်မြေခံယာဉ်ထိန်းအဖွဲ့ဝင်များနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဆောင်ရွက်ပေးခြင်း၊ သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရန်နှင့် မှုခင်းကိစ္စရပ်များကို လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် ယာဉ်ထိန်းအဖွဲ့ဝင်များနှင့် နယ်ထိန်းအဖွဲ့ဝင်များပါဝင်သော ရဲကင်းများချထားကာ ရဲလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။

လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(အထစ-၁)ကောက်ယူရေးခြင်း၊ နယ်စပ်နှင့် စစ်ဆေးရေးဂိတ်များတွင် လူဝင်လူထွက်စစ်ဆေးခြင်း၊ ပြည်နယ်ခြားဖြတ်သန်းခွင့်လက်မှတ် (Interstate Pass-IP)ထုတ်ပေးခြင်း၊ အလုပ်သမားများ ယာယီနေထိုင်ခွင့် စိစစ်ရေးလက်မှတ်ထုတ်ပေးခြင်း၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass -BP) ထုတ်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။



## (ဃ) အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ



အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲသည် တိုက်ပွဲဖြစ်ပွားလျက်ရှိသော ဒေသများရှိ ပြည်သူများအား ဘေးကင်းသည့်နေရာသို့ ကူညီကယ်ဆယ်ပြောင်းရွှေ့ပေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူ တော်လှန်ရေးဘော်များနှင့် ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ကာ ဆေးရုံ၊ ဆေးခန်းများသို့ လွှဲပြောင်းပေးခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲမှ စစ်ဘေးရှောင် (၄၀၀) ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် ကူညီပေးခဲ့ပါသည်။ ဩဂုတ်လမှ စက်တင်ဘာလအတွင်းတွင် မော်ချီးဒေသ၌ လေကြောင်းတိုက်ခိုက်ခံရ၍ ထိခိုက်ဒဏ်ရာရပြည်သူများကိုလည်း သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်သူလူထုများအား မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ မီးဘေးအန္တရာယ်အသိပေးခြင်းနှင့် အစီအမံထားရှိမှုတို့ကို စစ်ဆေးခြင်း၊ ဌာနဆိုင်ရာနှင့် ပြည်သူ့လူထုကိုလေကြောင်းအန္တာရာယ်ကာကွယ်ရေးနှင့် ရေးဦးသူနာပြုစုနည်း (First Aid )တို့ကိုအသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဆက်သွယ်ရန် - Emial: IEC_dept.homeaffairs@protonmail.com
SIngnal number:+66951901790
Facebook: https://www.facebook.com/ieckarenni.doha/



# ပညာရေးဌာန

ပညာရေးဌာနကို အခြေခံပညာဌာနခွဲ၊ အဆင့်မြင့်ပညာဌာနခွဲနှင့် သက်မွေးပညာဌာနခွဲတို့ဖြင့် ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံပညာဌာနခွဲသည် ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေပံ့ပိုးခြင်း၊ စာသင်ကျောင်းများ၏ အခြေအနေကို ကွင်းဆင်းလေ့လာခြင်း၊ မြို့နယ်ပညာရေးမှူးများအား ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆင့်မြင့်ပညာဌာနခွဲအနေဖြင့် ကရင်နီပြည်အတွင်း အဆင့်မြင့်ပညာရေး အခွင့်အလမ်းများ ပိုမို တိုးပွားလာစေရန်အတွက် အဆင့်မြင့်ပညာမျှဝေပေးနေသော ကျောင်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ပညာရေးမူဝါဒကို တတ်သိပညာရှင်များ၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်နေသူများနှင့် ပူးပေါင်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးသည် ကရင်နီပြည်တွင် ဖွံ့ဖြိုးမှုနည်းပါးနေသော်လည်း ဌာနခွဲအနေဖြင့် ရှိနှင့်ပြီးသော alternative ကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ မိမိကိုယ်ကို အားကိုးအားထား၍ ဒေသစီးပွားရေးကို ထောက်ပံ့ပြီး ဖွံ့ဖြိုးမှုသင်တန်းများ ရှိလာစေရန် ဆောင်ရွက်လျက်ရှိသည်။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်း၊ဆရာ/ဆရာမ၊ကျောင်းသူကျောင်းသားစာရင်း

ကျောင်းသူ/သား စုစုပေါင်း - (၅၇,၅၈၀) ဦး

ထောက်ပံ့မှုပေးနိုင်ခဲ့သော ဆရာ၊ဆရာမ
စုစုပေါင်း - (၄,၆၁၉) ဦး

အခြေခံပညာကျောင်းစုစုပေါင်း - (၄၇၀) ကျောင်း

## (က) အခြေခံပညာဌာနခွဲ

အခြေခံပညာဌာနခွဲသည် Seh Theh Foundation – STF ၊ Clean Yangon အဖွဲ့တို့နှင့်ပူးပေါင်း၍ အခြေခံကျောင်းများသို့ ကွင်းဆင်းလေ့လာကာ လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေခြင်း၊ ကျောင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ ရေးဆွဲခြင်း၊ မြို့နယ်ပညာရေးမှူးများအား CSG Training ပေးခြင်း၊ NUG ပညာရေးဌာနနှင့် ပူးပေါင်း၍ G-BECA စာစစ်ဌာနများအတွက် ထောက်ပံ့ကြေးများပေးအပ်ခြင်းနှင့် စာမေးပွဲကျင်းပနိုင်ရေး ကူညီခြင်း၊ Seh Theh Foundation – STF နှင့်ပူးပေါင်း၍ ဆရာ၊ ဆရာမများအား လစဉ် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## (ခ) အဆင့်မြင့်ပညာရေးဌာနခွဲ

အဆင့်မြင့်ပညာရေးဌာနခွဲသည် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များသို့ ပညာရေးဆိုင်ရာ ရသုံးမှန်းခြေများ ရေးဆွဲကာ ခွဲဝေချထားပေးခြင်း၊ ကျောင်းပြင်ပ ပညာရေးအတွက် အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သည်နှင့် ကိုက်ညီသော ကျောင်းပြင်ပ ပညာရေး စစ်ဆေးအကဲဖြတ်ခြင်း၏ လုပ်ငန်းစဉ်များ (TOR) ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ကောလိပ်များ၏ စံသတ်မှတ်ချက်ကို ရေးဆွဲခြင်း ဆောင်ရွက်နေကာ အဆင့်မြင့်ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဖန်းဆော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ကရင်နီဆေးကောလိပ်၊ ပညာရေးဒီဂရီကောလိပ်တို့နှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

### အဆင့်မြင့်ပညာရေးကို လက်လှမ်းမီသော ကျောင်းသူ၊ ကျောင်းသားဦးရေ


| | |
|---|---|
| ဖန်းဆော် တက္ကသိုလ် | ၈၅၁ ဦး |
| နည်းပညာတက္ကသိုလ် | ၆၂ ဦး |
| ပညာရေး ဒီဂရီကောလိပ် | ၅၈ ဦး |
| ဆေးကောလိပ် | ၆၄ ဦး |
| သူနာပြု တက္ကသိုလ် | ၁၈ ဦး |
| ကရင်နီဥပဒေကောလိပ် | ၃၀ ဦး |
| Level Up College | ၇၇ ဦး |
| Seh Then College | ၁၉၁ ဦး |
| Karenni National College | ၅၀၃ ဦး |
| ကရင်နီလူမှုရေးသိပ္ပံကောလိပ် | ၄၀ ဦး |
| စုစုပေါင်း | ၁၈၉၄ ဦး |

## (ဂ) သက်မွေးပညာဌာနခွဲ

သက်မွေးပညာဌာနခွဲသည် တတိယ (၃) လပတ်အတွင်းတွင် သက်မွေးပညာကဏ္ဍအတွက် (၃) လပတ်ရသုံးမှန်းခြေ ရေးဆွဲကာ သက်မွေးပညာကျောင်း (၄) ကျောင်းသို့ ခွဲဝေချထားပေးခြင်း၊ ကရင်နီပြည်အတွင်းရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများသို့ ကွင်းဆင်းကြည့်ရှုကာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သက်မွေးပညာရေးဆိုင်ရာ လုပ်ငန်းဗျူဟာများအား ချမှတ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရန် - Email: IEC_dept.edu@protonmail.com
Signal Number: +66951903049
Facebook: https://www.facebook.com/ieckarenni.doe/

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ကျန်းမာရေးဌာန



## ကျန်းမာရေးဌာန

ကျန်းမာရေးဌာနသည် ကုသရေးဌာခွဲ၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေး သတင်းအချက်လက်နှင့် စာရင်းအင်းဌာခွဲ၊ စီမံအုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေးဌာနခွဲစသည့် ဌာနခွဲ (၄) ခုဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေပါသည်။ ထို့အပြင် ဆေးရုံ (၃) ရုံနှင့် ဆေးခန်းများမှတဆင့် ကရင်နီပြည်သူလူထုနှင့် ပြည်သူ့ရဲဘော်များအား ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပြီး ပြင်ပလူနာ ကြည့်ရှုခြင်း၊ အတွင်းလူနာကုသခြင်း၊ ခွဲစိတ်ကုသခြင်းစသည့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။ ထိုသို့ ဝန်ဆောင်မှုများ ပေးအပ်ရာ၌ ကရင်နီပြည်ရှိ ကျန်းမာရေးအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### (က) ကုသရေးဌာနခွဲ

ကုသရေးဌာနခွဲသည် ကရင်နီပြည်တွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသော ဆေးရုံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရား (Coordination Mechinism)များကို တည်ဆောက်လျက်ရှိသည်။ တတိယ (၃) လပတ် အတွင်းတွင် ကရင်နီပြည်အတွင်းရှိ ကျန်းမာရေး ဝန်ဆောင်မှုပေးနေသော အစုအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါဇယားဖြင့် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ပဏာမ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း**




### (ခ) ပြည်သူ့ကျန်းမာရေးဌာနခွဲ

ပြည်သူ့ကျန်းမာရေးဌာနခွဲမှ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် မြို့နယ်ကျန်းမာရေးတာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာစေရန် ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကရင်နီပြည်အတွင်း ကျန်းမာရေးဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

## (၈) ကျန်းမာရေး သတင်းအချက်အလက်နှင့် စာရင်းအင်းဌာနခွဲ

တတိယ (၃) လပတ်အတွင်းတွင် သတင်းအချက်အလက်နှင့် စာရင်းအင်းဌာနခွဲသည် မြို့နယ်ကျန်းမာရေး တာဝန်ခံများနှင့် လစဥ် လချုပ်အစီခံစာပုံစံများအား ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးစင်တာ(Rehab Center) နှင့် ခြေတု အလုပ်ရုံများအတွက် Data Set များ တည်ဆောက်ခြင်းနှင့် လချုပ်အစီရင်ခံစာများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ logistic ဌာနစိပ်နှင့်သက်ဆိုင်သော Pharmarcy Form/Format များအား ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကရင်နီပြည်အတွင်း ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသော လစဥ်အစီရင်ခံစာများအား Data cleansing၊ Verification နှင့် Data Entry လုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

### ဆေးရုံဝန်ဆောင်မှု အချက်အလက်များ

- လူနာစုစုပေါင်း (၁၁,၇၁၅) ဦး
- ဆေးရုံတက်လူနာ (၁,၂၇၄) ဦး
- အကြီးစားခွဲစိတ်မှု (၈၈) ဦး
- အသေးစားခွဲစိတ်မှု (၃၉၁) ဦး
- ဗိုက်ခွဲမွေးဖွားခြင်း (၁၁၁) ဦး
- လူနာသစ် (၅,၃၁၄) ဦး

### ကူးစက်ရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်း

- မကူးစက်သောရောဂါ (လူနာသစ် ) (၂၀,၄၅၄) ဦး
- ငှက်ဖျားလူနာ (၁,၇၇၉) ဦး
- တီဘီလူနာသစ် (၅၆) ဦး
- HIV ပိုးတွေ့သူလူနာသစ် (၂) ဦး

### မိခင်ကလေးကျန်းမာရေး

- ကိုယ်ဝန်ဆောင်အသစ် (၁,၇၈၅) ဦး
- ရိုးရိုးမွေးဖွားခြင်း (၉၀၅) ဦး

### မွေးလက်မှတ်ထုတ်ပေးခြင်း

- မွေးလက်မှတ်ထုတ်ပေးနိုင်သူစုစုပေါင်း (၁,၂၁၅) ဦး

ဆက်သွယ်ရန် - Email: IEC_dept.pft@protonmail.com
Signal Number: +66612983805,
Facebook: https://www.facebook.com/ieckarenni.doh/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
လူသားချင်းစာနာထောက်ထားရေးနှင့်
ပြည်လည်ထူထောင်ရေးဌာန



# လူသားချင်းစာနာထောက်ထားရေးနှင့်ပြန်လည်ထူထောင်ရေးဌာန

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ လူသားချင်းစာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန မှ ၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီခြင်း၊ စစ်ရှောင်ပြည်သူများ ရွှေ့ပြောင်းနေရာချထားခြင်း၊ ဌာနတွင်း ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဌာနတွင်းလစဉ်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ ကဏ္ဍအသီးသီးမှတာဝန်ရှိသူများနှင့် တွေ့ဆုံ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ရန်ပုံငွေရှာဖွေခြင်းနှင့် လုပ်ငန်းမဟာဗျူဟာရေးဆွဲချမှတ်ခြင်းများကို ကြိုးပမ်းဆောင်ရွက်သည်။ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနအားဖွဲ့စည်းထူထောင်ရန်လျာထားသောဌာနခွဲ (၄)ခုအနက် အရေးပေါ်တုံ့ပြန်ရေးဌာနခွဲ၊ လူသားချင်းစာနာထောက်ထားမှုဌာနခွဲ၊ စီမံအုပ်ချုပ်မှုဌာနခွဲဟူ၍ ဌာနခွဲ (၃) ခုဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများကို လည်ပတ်လျက်ရှိပါသည်။

## (က) အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု

အရေးပေါ်ဌာနခွဲအနေဖြင့် တတိယ (၃) လပတ်အတွင်း ထိုးစစ်ကြောင့် ဖယ်ခုံမြို့နယ်အရှေ့ဖက်ကမ်းနှင့် နန်းမယ်ခုံမြို့နယ်များမှ အရေးပေါ်ပြောင်း ရွှေ့လာသော စစ်ရှောင်ပြည်သူ အိမ်ထောင်စု (၆၅၃) စု၊ လူဦးရေ ကျား (၁,၂၅၉)၊ မ (၁,၂၉၈)၊ ပေါင်း (၂,၅၅၇) ဦးအား သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးကောင်စီနှင့်ချိတ်ဆက် ၍ အစာခြောက်နှင့် အမိုးအကာများ ထောက်ပံ့ပို့ကူညီခဲ့သည်။ အရေးပေါ်ရွှေ့ပြောင်းလာသော စစ်ရှောင်ပြည်သူ များအနက် (၃)ကြိမ်အထက် ရွှေ့ပြောင်းရပြီး နေရာ ထိုင်ခင်းခက်ခဲမှုကို ပိုမို ကြုံတွေ့ရင်ဆိုင်နေရသည့် အိမ်ထောင်မိသားစုများအတွက် ထပ်တိုးဘဏ္ဍာငွေများဖြင့် ယာယီတဲအလုံး (၂၀၀) အား မြို့နယ် (၄) မြို့နယ်အတွင်း မြို့နယ်အုပ်ချုပ်ရေးကောင်စီများ၏ စီမံကြီးကြပ်မှုဖြင့် ဌာနမှ အရင်းအမြစ်နှင့် နည်းပညာပံ့ပို့ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဖယ်ခုံမြို့နယ် အရှေ့ဖက်ကမ်းတွင် ပိတ်မိနေသော ပြည်သူ (၁,၀၀၀) ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းနှင့် အခြေခံစားနပ်ရိက္ခာ ပံ့ပို့ပေးခြင်းတို့ ကို ဆောင်ရွက်ခဲ့သည်။

## (ခ) ရေတိုကာလ စစ်ရှောင်ပြည်သူများအား စားနပ်ရိက္ခာများထောက်ပံ့ခြင်း

လူသားချင်းစာနာထောက်ထားရေးဌာနခွဲ အနေ ဖြင့် ရရှိလာသောရန်ပုံငွေအကူအညီများဖြင့် ကရင်နီပြည်၏ မြို့နယ် (၈) မြို့နယ်ရှိ စစ်ရှောင်စခန်း (၆၀) အိမ်ထောင်စု (၃,၀၈၀)၊ ကျား (၅,၉၀၁)၊ မ (၆,၀၈၅)၊ ပေါင်း (၁၁,၉၈၅) ဦးအား စားနပ်ရိက္ခာများ ဖြန့်ဖြူးခဲ့သည်။ ထို့အပြင် လွိုင်နန်းဖ၊ နန်းမယ်ခုံ၊ ဒီးဘောင်းခူ နှင့် ဖယ်ခုံမြို့နယ်များရှိ စခန်း (၄) ခု အိမ်ထောင်စု (၅၈) စုတို့အား အမိုးအကာ ပံ့ပိုးခဲ့သည်။

## တတိယ (၃) လပတ်အတွင်း စားနပ်ရိက္ခာဖြန့်ဝေမှုအခြေအနေ


| စဉ် | မြို့နယ် | စခန်း အရေ အတွက် | အိမ်ခြေ | လူဦးရေ | ဆန် အိတ် | ဆီ(ဗူး) | ဆား (ထုပ်) | မိုးကာ (ထည်) | မိုးကာ (လိပ်) |
|---|---|---|---|---|---|---|---|---|---|
| ၁ | လွိုင်ကော် | ၁ | ၁၁၄ | ၄၃၄ | ၂၀၀ | | | | |
| ၂ | လွိုင်နန်းဖ | ၂၅ | ၆၀၇ | ၂,၄၂၈ | ၂၆၂ | ၆၂၂ | ၁,၀၈၈ | ၁၂ | ၁ |
| ၃ | နန်းမယ်ခုံ | ၁ | ၂၀ | ၅၉ | ၁၁ | ၂၀ | | ၃ | ၁ |
| ၄ | ကေးလျား | ၂ | ၃၃၂ | ၁,၃၂၁ | ၂၄၈ | | | | |
| ၅ | ဖယ်ခုံ | ၁၆ | ၁,၁၆၆ | ၄,၃၁၇ | ၅၁၅ | ၄၀၄ | ၁၁၉ | ၉ | ၁ |
| ၆ | ဒီးဘောင်းခူ | ၆ | ၁၁၄ | ၅၂၉ | ၅၁၅ | ၈၆ | ၆၈ | ၃၄ | |
| ၇ | ဖားဆောင်း | ၃ | ၂၃၆ | ၉၈၃ | ၅၁၅ | | | | |
| ၈ | ဖွံ့ဘော်ခွတ် | ၅ | ၄၅၂ | ၁,၇၁၈ | ၅၁၅ | ၁၁၁ | ၃၃၃ | | |
| ၁၀ | အခြား | ၂၁ | ၃၉ | ၁၂၁၈ | ၁၁၆၆ | ၄၅ | ၉၄ | ၂၃ | ၂ |
| | **စုစုပေါင်း** | ၈၁ | ၃,၀၈၀ | ၁၃,၀၀၇ | ၄,၅၀၂ | ၁,၂၈၈ | ၁,၇၀၂ | ၈၁ | ၅ |

## (ဂ) တရားမဝင်အာဏာသိမ်းစစ်တပ်၏ စစ်ရာဇဝတ်မှုကျူးလွန်ခံရသူများအား ပံ့ပိုးကူညီခြင်း

တတိယ (၃) လပတ်အတွင်းတွင် ဌာနအနေဖြင့် ကရင်နီပြည်အတွင်း လေကြောင်းအန္တရာယ်ကြောင့် သေဆုံးသွားသော အရပ်သားပြည်သူ (၁၁) ဦးနှင့် ထိခိုက်ဒဏ်ရာရသူ (၁၃) ဦးတို့အတွက် လူသားချင်းစာနာထောက်ထားရေး အနေဖြင့် ငွေကြေးထောက်ပံ့မှုများလုပ်ဆောင်ခဲ့ပါသည်။

ဆက်သွယ်ရန် - Email:IEC_dept.humanitarian@protonmail.com
Signal no:+66 955751315
Facebook: https://www.facebook.com/ieckarenni.dohr/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန



# စီမံကိန်း၊ဘဏ္ဍာရေးနှင့်အခွန်ဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနသည် ဖက်ဒရယ်အနှစ်သာရကို အကောင်အထည်ဖော်မည့် စီမံကိန်းများချမှတ်ခြင်း၊ ရသုံးမှန်းခြေများ ညှိနှိုင်းရေးဆွဲခြင်း၊ မျှတသောဘဏ္ဍာငွေခွဲဝေပေးခြင်း၊ အခွန်များကို စနစ်တကျ ကောက်ခံ၍ စီမံခန့်ခွဲခြင်း၊ ပွင့်လင်းမြင်သာစွာ ပြန်လည်ခွဲဝေအသုံးချခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အထက်ပါလုပ်ငန်းများကို ဌာနခွဲ (၄) ခုဖြစ်သော စီမံကိန်းဌာနခွဲ၊ ဘဏ္ဍာရေးဌာနခွဲ၊ အခွန်ဌာနခွဲ၊ စီမံ/ငွေစာရင်းဌာနခွဲများဖြင့် စနစ်တကျလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

## (က) စီမံကိန်းဌာနခွဲ

၂၀၂၅ ခုနှစ် တတိယ (၃) လပတ်အတွင်းတွင် စီမံကိန်းဌာနခွဲသည် ဒေသဖွံ့ဖြိုးရေးစီမံကိန်း (၆) ခုအား သက်ဆိုင်ရာဌာနများဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ လမ်းပိုင်းပြုပြင်သော စီမံကိန်း (၃) ခုကို အကောင်အထည်ဖော်ခဲ့ပြီး တံတားဆောက်လုပ်သော စီမံကိန်း (၂) ခုနှင့် ရုံးဆောက်လုပ်သည့် စီမံကိန်း (၁) ခုကို အကောင်အထည်ဖော်ခဲ့ပါသည်။ တတိယ (၃) လပတ် အတွင်းဖော်ဆောင်ခဲ့သော စီမံကိန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ/ ကျေးရွာ/ မြို့နယ် | ဆောင်ရွက်သည့် ဌာန/ အဖွဲ့အစည်း | တန်ဖိုး(ကျပ်) |
|---|---|---|---|---|
| | ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ | | | ၃၅၂,၁၂၉,၄၂၅ |
| ၁ | လမ်း (၃) မိုင်အရှည် လမ်းပြုပြင်စရိတ် | လိုမူခိုမြို့နယ် | ဆောက်လုပ်ရေးဌာန | ၃၁,၂၂၀,၀၀၀ |
| ၂ | လမ်း ပြုပြင်ထိန်းသိမ်းရန် | လိုမူခိုမြို့နယ် | ဆောက်လုပ်ရေးဌာန | ၃,၇၃၅,၉၂၀ |
| ၃ | လမ်းပြုပြင်ရေးလုပ်စီမံကိန်း | လွိုင်နန်းဖ မြို့နယ် | ဆောက်လုပ်ရေးဌာန | ၆,၄၆၅,၅၀၀ |
| ၄ | ဝိုင်းတံတား ဆောက်လုပ်ရန် | ဖယ်ခုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေး | ၅,၀၀၀,၀၀၀ |
| ၅ | သစ်သားတံတား တည်ဆောက်ရန် | မယ်စဲ့မြို့နယ် | ဆောက်လုပ်ရေးဌာန | ၁၈၀,၀၀၀,၀၀၀ |
| ၆ | လမ်းပြုပြင်ရန် | ဒီးဘောင်းခူမြို့နယ် | ဆောက်လုပ်ရေးဌာန | ၁၃,၃၅၉,၂၀၀ |
| ၇ | အခွန်ရုံးဆောက်လုပ်ခြင်း | မယ်စဲ့မြို့နယ် | စီမံကိန်း၊ဘဏ္ဍာရေးနှင့် အခွန်ဌာန | ၄၆,၅၀၀,၀၀၀ |

## (ခ) ဘဏ္ဍာရေးဌာနခွဲ

ဘဏ္ဍာရေးဌာနခွဲသည် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး၊ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲလျက်ရှိရာ၂၀၂၅ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းမှာ အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

| စဥ် | ဌာန/အဖွဲ့အစည်း | ရသုံးမှန်းခြေငွေစာရင်း (ဘတ်ငွေဖြင့်) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ဦးစီးကောင်စီ | ၉,၉၂၂,၀၁၀ | ၂.၉၀% |
| ၂ | ပြည်ထဲရေးဌာန | ၇၁,၉၆၅,၉၄၄ | ၂၁.၀၀% |
| ၃ | ပညာရေးဌာန | ၁၂,၄၁၂,၀၀၀ | ၃.၆၀% |
| ၄ | ကျန်းမာရေးဌာန | ၃၈,၈၃၂,၆၉၂ | ၁၁.၃၀% |
| ၅ | လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန | ၈၆,၅၈၆,၅၃၈ | ၂၅.၂၀% |
| ၆ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန | ၅,၁၃၇,၂၅၄ | ၁.၅၀% |
| ၇ | အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာန | ၁၈,၆၀၀,၉၆၂ | ၅.၄၀% |
| ၈ | တရားရေးဌာန | ၂၃,၆၁၆,၅၀၀ | ၆.၉၀% |
| ၉ | ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန | ၉,၀၅၈,၇၃၈ | ၂.၆၀% |
| ၁၀ | ကရင်နီပြည်ကြားကာလ တရားစီရင်ရေး | ၉,၄၂၉,၃၄၆ | ၂.၇၀% |
| ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန | ၈,၁၄၇,၆၉၂ | ၂.၄၀% |
| ၁၂ | ဆောက်လုပ်ရေးဌာန | ၄၆,၂၃၀,၄၀၀ | ၁၃.၅၀% |
| ၁၃ | ကရင်နီပြည်ကြားကာလ လွှတ်တော် | ၃,၄၄၁,၂၈၈ | ၁.၀၀% |
| | **စုစုပေါင်း** | **၃၄၃,၃၈၁,၃၆၄** | **၁၀၀%** |

# ၂၀၂၅ခုနှစ် တတိယ (၃) လပတ် ကဏ္ဍအလိုက် ဘဏ္ဍာငွေခွဲဝေမှု

| စဉ် | ဌာန/အဖွဲ့အစည်း (Department/Organization) | ပမာဏ (ဘတ်) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ဦးစီးကောင်စီ | ၁,၂၇၇,၅၀၀ | ၆.၁% |
| ၂ | ပြည်ထဲရေးဌာန | ၃၆၉,၈၀၀ | ၁.၈% |
| ၃ | ပြည်ထဲရေးဌာန -ကရင်နီပြည်ရဲဌာနခွဲ | ၄,၆၉၈,၀၀၀ | ၂၂.၅% |
| ၄ | ပြည်ထဲရေးဌာန - လူဝင်မှုကြီးကြပ်ရေးဌာနခွဲ | ၁,၄၇၅,၇၄၁ | ၇.၁% |
| ၅ | ပြည်ထဲရေးဌာန - ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ | ၅၃၅,၀၀၁ | ၂.၆% |
| ၆ | ပြည်ထဲရေးဌာန - အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ | ၁,၀၂၈,၇၀၀ | ၄.၉% |
| ၇ | ပညာရေးဌာန | ၆၉၅,၅၀၀ | ၃.၃% |
| ၈ | ကျန်းမာရေးဌာန | ၁,၉၁၆,၄၀၀ | ၉.၂% |
| ၉ | လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန | ၅၄၁,၈၀၀ | ၂.၆% |
| ၁၀ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန | ၅၆၅,၄၀၀ | ၂.၇% |
| ၁၁ | အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာန | ၄၅၃,၅၀၀ | ၂.၂% |
| ၁၂ | တရားရေးဌာန | ၁,၅၀၃,၈၀၀ | ၇.၂% |
| ၁၃ | ကုန်သွယ်ရေး၊ ရင်နှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန | ၉၈၈,၁၉၂ | ၄.၇% |
| ၁၄ | ကရင်နီပြည်ကာလ တရားစီရင်ရေး | ၈၄၈,၇၀၀ | ၄.၁% |
| ၁၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဌာန | ၅၉၆,၃၀၉ | ၂.၉% |
| ၁၆ | ဆောက်လုပ်ရေးဌာန | ၃၃၂,၉၀၀ | ၁.၆% |
| ၁၇ | ကရင်နီပြည်ကြားကာလ လွှတ်တော် | ၇၀၈,၈၀၀ | ၃.၄% |
| ၁၈ | လူငယ်ရေးရာဌာန | ၄၆၄,၄၀၀ | ၂.၂% |
| ၁၉ | ကာကွယ်ရေးဌာန | ၆၅၀,၀၀၀ | ၃.၁% |
| ၂၀ | အရေးပေါ်အရန်ငွေ | ၁၂,၂၅,၁၀၀ | ၅.၉% |
| | စုစုပေါင်း | **၂၀,၈၇၅,၅၄၃** | **၁၀၀%** |

## (ဂ)အခွန်ဌာနခွဲ

အခွန်ဌာနခွဲမှ ၂၀၂၅ခုနှစ် တတိယ (၃) လပတ်အတွင်း၊ အခွန်ကောက်ခံရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ကျပ်ငွေဖြင့် | ဘတ်ငွေဖြင့် |
|---|---|---|---|
| ၁ | **အခွန်ငွေရရှိမှုပေါင်း** | ၂၇၁,၈၅၃,၂၅၀ | ၁၅၅,၈၃၇,၃၀၈ |

ဆက်သွယ်ရန် - Email: IEC_dept.pft@protonmail.com
Signal Number: +66612983805,
Facebook: https://www.facebook.com/ieckarenni.dopft/

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
## တရားရေးဌာန



# တရားရေးဌာန

### ၂၀၂၅ခုနှစ်၊ တတိယ (၃) လပတ်၊ တရားရေးဌာန၏ ဆောင်ရွက်ချက်များ

တရားရေးဌာနအား ဥပဒေရေးရာ ကြီးကြပ်မှုဌာနခွဲ၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ၊ စီမံဘဏ္ဍာဌာနခွဲ ဟူ၍ ဌာနခွဲသုံးခုဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဖြစ်သော အမှုလိုက်ပါဆောင်ရွက်ခြင်း၊ မှုဝါဒ၊ ဥပဒေရေးရာအကြံပြုခြင်းနှင့် စစ်သုံ့ပန်းများ၊ ရာဇဝတ်သားများအား လူ့ဂုဏ်သိက္ခာနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

### ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲမှ အကြံပေးနိုင်ခဲ့သော ဥပဒေမူကြမ်းများ

- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများမှ ကာကွယ်ရေးဥပဒေ (မူကြမ်း)
- သူနာပြုသားဖွားကောင်စီဥပဒေ (မူကြမ်း)
- ဥပဒေအရာရှိကျင့်ဝတ် (မူကြမ်း)
- မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရာရှိကျင့်ဝတ် (မူကြမ်း)
- ကရင်နီပြည်ဝန်ထမ်းဥပဒေ (မူကြမ်း)
- ဘက်ပြောင်းခိုလှုံ၊ စစ်သုံ့ပန်း၊ စစ်ပြေး၊ စစ်ကောင်စီ သတင်းပေးများနှင့် သက်ဆိုင်သည့်အစီအမံ


# ၂၀၂၅ခုနှစ်၊ တတိယ (၃) လပတ်၊ တရားရေးဌာနမှ လိုက်ပါဆောင်ရွက်ခဲ့သော အမှုများ

| စဉ် | အမှုအမျိုးအစား | အရေအတွက် | ပြီးပြတ်မှု | လက်ကျန်မှု |
|---|---|---|---|---|
| ၁။ | လူသတ်မှု/လူသေမှု | ၃ | ၂ | ၁ |
| ၂။ | အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရစွဲဆိုမှု | ၂၀ | ၉ | ၁၁ |
| ၃။ | မူးယစ်ဆေးဝါးဥပဒေအရစွဲဆိုမှု | ၃၇ | ၂၃ | ၁၄ |
| ၄။ | မုဒိမ်းမှု/မုဒိမ်းကျင့်ရန်အားထုတ်မှု/လူသတ်မှု | ၅ | ၃ | ၂ |
| ၅။ | ခိုးမှု | ၃ | ၃ | - |
| ၆။ | မီးလောင်မှု | ၂ | ၁ | ၁ |
| ၇။ | ရာဇသတ်ကြီးအရစွဲဆိုသောအခြားပြစ်မှုများ | ၃ | ၂ | ၁ |
| ၈။ | အယူခံ/ပြင်ဆင် | ၂ | ၂ | - |
| | **စုစုပေါင်း** | **၇၅** | **၄၅** | **၃၀** |

ဆက်သွယ်ရန် - Email:IEC_dept.justice@protonmail.com
Signal: +66955754693
Facebook: https://www.facebook.com/ieckarenni.doj/

Interim Executive Council Karenni State

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန



## ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာန

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာနကို ကုန်သွယ်ရေးဌာနခွဲ၊ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ ပို့ဆောင်ဆက်သွယ်ရေးဌာနခွဲ၊ စီမံဘဏ္ဍာဌာနခွဲစသည့် ဌာခွဲ (၄) ခုဖြင့် လုပ်ငန်းလည်ပတ်နေပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား မှတ်ပုံတင်ထုတ်ပေးခြင်း၊ ပို့ကုန်သွင်းကုန်ပါမစ်ထုတ်ပေးခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ကရင်နီပြည်နှင့် ကိုက်ညီသော ကုန်သွယ်ရေးမူဝါဒရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဌာနအနေဖြင့် ၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်အတွင်းတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

### တတိယ (၃) လပတ်အတွင်း ဖော်ဆောင်နိုင်ခဲ့သော ဝန်ဆောင်မှုလုပ်ငန်းများ

- သွင်းကုန်ပို့ကုန် လုပ်ငန်းရှင်မှတ်တင်ပုံ — (၁၄) ဦး
- လုပ်ငန်း ပါမစ် ထုတ်ပေးခြင်း — (၂၃) ခု
- သတ္တုမြှော်စာ — (၁၁၇) စောင်
- အထွေထွေမြှော်စာ — (၂)စောင်
- ယာဉ်လိုင်စင် ထုတ်ပေးခြင်း — (၂၈) ဦး
- ယာဉ်မောင်းလိုင်စင် — (၁) ဦး

ဆက်သွယ်ရန် - Email: TITC_IEC@protonmail.com
Signal Number: +66955751828၊
Facebook: https://www.facebook.com/ieckarenni.dotitc/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန



# အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန

အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနသည် အမျိုးသမီးဌာနခွဲ၊ ကလေးသူငယ်ရေးရာဌာနခွဲ၊ သုတေသနဌာနခွဲ နှင့် စီမံဘဏ္ဍာဌာနခွဲ စသည့် ဌာနခွဲ (၄)ခု ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

တတိယ (၃) လပတ်အတွင်းတွင် အမျိုးသမီးဌာနခွဲသည် ထိလွယ်ရှလွယ်အုပ်စုများအား ထောက်ပံ့ကူညီခြင်း၊ ကလေးမိခင်များကို ငွေကြေး ပံ့ပိုးကူညီပေးခြင်း၊ သင်တန်းများပြုလုပ်ခြင်း၊ နိုင်ငံတကာအစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ခြင်း၊ Hygiene Kits များဖြန့်ဝေခြင်း၊ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ ဥပဒေ၊ မူဝါဒများနှင့်ပတ်သက်ပြီး မူကြမ်းပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကလေးသူငယ်ဆိုင်ရာဌာနခွဲမှ ထိလွယ်ရှလွယ်အုပ်စုများအား ထောက်ပံ့ကူညီခြင်း၊ မူကြိုဆိုင်ရာလုပ်ငန်းများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးသင်တန်းများပြုလုပ်ခြင်း၊ အမျိုးသမီးနှင့်ကလေးဆိုင်ရာ လုပ်ငန်းကော်မတီတွင် ပူးပေါင်းပါဝင်ခြင်း၊ Newborn Kits များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သုတေသနဌာနခွဲသည် မူကြိုကျောင်းနှင့် မူကြိုကျောင်းဆရာမစာရင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်စာရင်း၊ မူကြိုကျောင်းသူ၊ ကျောင်းသားများစာရင်း၊ အရေးပေါ်ပြောင်းရွှေ့ လာသော စစ်ရှောင်ပြည်သူလူဦးရေစာရင်း၊ လေကြောင်း တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူများ စာရင်း၊ မူကြိုဆရာမ၊ မူကြိုကျောင်းစာရင်းများကိုလည်း ပြုစုထားရှိနိုင်ခဲ့သည်။

## ထိလွယ်ရှလွယ်သောသူများအား ထောက်ပံ့ခြင်း

| | |
|---|---|
| လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရကလေးငယ် | (၉) ဦး |
| အရေးပေါ်ဆေးကုသနေသောကလေးငယ် | (၅) ဦး |
| လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရ အမျိုးသမီး | (၃) ဦး |
| ထူးခြားသန်စွမ်းကလေးငယ် | (၂) ဦး |

H&D kits ပုံ့ပိုးပေးနိုင်ခဲ့သော စစ်ရှောင် အိမ်ထောင်စု (၂၁၅) စု

မူကြိုကျောင်းအာဟာရ တိုက်ကျွေးခြင်း (၅) ကြိမ်

မွေးကင်းစ ကလေးငယ်များအတွက် New born kits များထောက်ပံ့ခြင်း (၂၆၂) ခု

အာဟာရတိုက်ကျွေးခဲ့သောကလေးဦးရေ (၃၆၇) ဦး

ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုခံရသူ အမျိုးသမီးများအား ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း (၁၆) ဦး

GBV Working Committeeဖွဲ့စည်းနိုင်ခြင်း မြို့နယ် (၈) ခု

ဆက်သွယ်ရန် - Email- IEC_dept_womendandchild@protonmail.com
Signal Number- +66613741983
Facebook: https://www.facebook.com/ieckarenni.dowc/

Interim Executive Council Karenni State

**ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန**

Department of Agriculture, Livestock and Irrigation Interim Executive Council Of Karenni State



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် စိုက်ပျိုးရေးနည်းပညာဌာနခွဲ၊ မွေးမြူရေးနှင့် ကုသရေးဌာနခွဲ၊ ဆည်မြောင်းဌာနခွဲစသည့် ဌာနခွဲ (၃) ခုဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ တတိယ (၃) လပတ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## (က) စိုက်ပျိုးရေးနည်းပညာဌာနခွဲ

စိုက်ပျိုးရေးနည်းပညာဌာနခွဲသည် တောင်သူများအား စိုက်ပျိုးရေးကဏ္ဍဆိုင်ရာနည်းပညာပေးသင်တန်းများပေးအပ်ခြင်း၊ မိုးသီးနှံစံပြကွက်များအကောင်အထည်ဖော်ခြင်း၊ မြေဩဇာယှဉ်ပြိုင်စမ်းသပ်ကွက်များ ဖော်ဆောင်ခြင်း၊ မျိုးစပါးစေ့ထုတ်စိုက်ခင်းများ ဖော်ဆောင်ခြင်း၊ သဘာဝမြေဩဇာထုတ်လုပ်ခြင်း၊ စပါးခွံပေါင်းခံရေ၊ EM ရည်နှင့် သဘာဝအပင်အားဆေး ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးရေးနည်းပညာဌာနခွဲ၏ အထက်ပါ လုပ်ငန်းဆောင်ရွက်ချက်များကြောင့် စိုက်ပျိုးတောင်သူများသည် စိုက်ပျိုးနည်းစနစ်များကို ပိုမိုစိတ်ဝင်စားလာခြင်း၊ စိုက်ပျိုးရေးသုံး သဘာဝသွင်းအားစုများကို ယခင်ထက် တောင်သူများကိုယ်တိုင် ပိုမိုထုတ်လုပ်သုံးစွဲလာနိုင်ခြင်းစသည့် အားသာချက်များကို တွေ့ရှိရပါသည်။

## (ခ) မွေးမြူရေးနှင့် ကုသရေးဌာနခွဲ

မွေးမြူရေးနှင့်ကုသရေးဌာနခွဲသည် ၂၀၂၅ ခုနှစ်၊ ပထမ (၃) လအတွင်းတွင် မွေးမြူရေးပညာပေးသင်တန်းများပေးအပ်ခြင်း၊ ကျွဲနွားကာကွယ်ဆေးထိုးနှံခြင်း၊ ဝက်ကာကွယ်ဆေးထိုးနှံခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ စံပြတိုင်းရင်းကြက်ခြံများ ထားရှိမွေးမြူခြင်း၊ တိရိစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းများ ပို့ချခြင်း၊ ကူးစက်ရောဂါတုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခွဲစိတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အထက်ပါလုပ်ငန်းဆောင်ရွက်မှုများကြောင့် ပြည်သူများသည် မွေးမြူရေးလုပ်ငန်းအား ပိုမိုစိတ်ဝင်စားမှုများလာခြင်း၊ ကာကွယ်ဆေးအပေါ်ယုံကြည်မှုအားကောင်းလာခြင်းစသည့် အားသာချက်များကို တွေ့ရသည်။

## (ဂ)ဆည်မြောင်းဌာနခွဲ

ဆည်မြောင်းဌာနခွဲသည် တတိယ (၃) လပတ်အတွင်းတွင် လွိုင်နန်းဖမြို့နယ်အတွင်းရှိ ကုန်ထုတ်လမ်းတံတားတခုအား ပြုပြင်လျက်ရှိပါသည်။ ဆည်မြောင်းဌာနခွဲသည် တောင်သူများ၏ လိုအပ်ချက်အရ ချောင်း၊ မြောင်း၊ ဆည်၊ တံတားများကို ကုန်ထုတ်လမ်းပြုပြင်ပေးနိုင်ရန် တင်ပြတောင်းဆိုချက်များကို လက်ခံရရှိပြီး ဌာနမှ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်

## စိုက်နည်းပညာဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| စဉ် | အကြောင်းအရာ | မြို့နယ် | အရေအတွက် |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးကဏ္ဍနည်းပညာပေး သင်တန်း | ၂ | (၂) ကြိမ် |
| ၂ | မိုးသီးနှံစံပြကွက် | ၃ | (၅) ကွက် |
| ၃ | မြေဩဇာယှဉ်ပြိုင်စမ်းသပ်ကွက် | ၁ | (၁) ကွက် |
| ၄ | မျိုးစပါးစေ့ထုတ်စိုက်ခင်း | ၁ | (၁) ကွက် |
| ၅ | Field Activity | ၁ | (၁) ကြိမ် |
| ၆ | သဘာဝမြေဩဇာထုတ်လုပ်ခြင်း | - | (၂၀၀) အိတ် |
| ၇ | စပါးခွံပေါင်းခံရေ | - | (၁၀၀) ဗူး |
| ၈ | EM ရည် | - | (၅၀) ဗူး |
| ၉ | သဘာဝအပင်အားဆေး | - | (၅၀) ဗူး |

## မွေးမြူရေးအသိပညာ၊ နည်းပညာပေးသင်တန်း

| စဉ် | မြို့နယ် | ကျေးရွာ | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁ | နန်းမယ်ခုံ | ၁ | ၃၀ |
| ၂ | ဒီးဘောင်းခူ | ၃ | ၁၆၂ |

## မွေးမြူရေးနှင့်ကုသရေးဌာနခွဲ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| စဉ် | အကြောင်းအရာ | မြို့နယ် | အရေအတွက် |
|---|---|---|---|
| ၁ | မွေးမြူရေးပညာပေးသင်တန်း | ၃ | (၅) ကြိမ် |
| ၂ | ကျွဲ၊ နွားကာကွယ်ဆေးထိုးနှံခြင်း | ၃ | (၃,၃၀၄) ကောင် |
| ၃ | ဝက်ကာကွယ်ဆေးထိုးနှံခြင်း | ၄ | (၁,၃၅၀) ကောင် |
| ၄ | ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်း | ၂ | (၈၅) ကောင် |
| ၅ | စံပြတိုင်းရင်းကြက်ခြံ | ၁ | (၁) ခြံ |
| ၆ | တိရိစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်း | ၄ | (၁) ကြိမ် |
| ၇ | ကူးစက်ရောဂါတုံ့ပြန်မှု | ၂ | (၃) ကြိမ် |
| ၈ | ခွဲစိတ်ကုသနှင့်အခြား | ၅ | (၁,၁၉၂) ကောင် |

## ခွဲစိပ်ကုသခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု

| စဉ် | မြို့နယ် | ခွဲစိပ်(ကောင်ရေ) | ကုသ(ကောင်ရေ) |
|---|---|---|---|
| ၁ | လွိုင်နန်းဖ | ၂၉ | ၄၁၀ |
| ၂ | ဒီးဘောင်းခူ | ၈ | ၂၂၅ |
| ၃ | နန်းမယ်ခုံ | - | ၂၄၈ |
| ၄ | ဒီးမော့ဆို (အရှေ့) | - | ၂၉၃ |
| ၅ | ဖယ်ခုံ | - | ၁၆ |
| | စုစုပေါင်း | ၃၇ | ၁,၁၉၂ |

## ကျွဲ၊နွားကာကွယ်ဆေးထိုးနှံခြင်း

| စဉ် | မြို့နယ် | ကာကွယ်ဆေးအမည် | ထိုးနှံကောင်ရေ |
|---|---|---|---|
| ၁ | လွိုင်နန်းဖ | ကျွဲ၊နွားပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေး | ၆၃၀ |
| ၂ | လွိုင်နန်းဖ | ကျွဲ၊နွားလည်ချောင်းကွဲကာကွယ်ဆေး | ၅၉၈ |
| ၃ | နန်းမယ်ခုံ | ကျွဲ၊နွားပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေး | ၇၄၀ |
| ၄ | နန်းမယ်ခုံ | ကျွဲ၊နွားလည်ချောင်းကွဲကာကွယ်ဆေး | ၆၉၈ |
| ၅ | ဒီးဘောင်းခူ | ကျွဲ၊နွားပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေး | ၃၃၀ |
| ၆ | ဒီးဘောင်းခူ | ကျွဲ၊နွားလည်ချောင်းကွဲကာကွယ်ဆေး | ၃၀၈ |
| | | စုစုပေါင်း | ၃,၃၀၄ |

## ဝက်ကာကွယ်ဆေးထိုးနှံမှု

| စဉ် | မြို့နယ် | ကာကွယ်ဆေးအမည် | ကောင်ရေ |
|---|---|---|---|
| ၁ | လွိုင်နန်းဖ | ဝက်ဝမ်းကျကာကွယ် | ၃၃၆ |
| ၂ | ဒီးဘောင်းခူ | ဝက်ဝမ်းကျကာကွယ် | ၅၁၁ |
| ၃ | ဒီးမော့ဆို(အရှေ့) | ဝက်ဝမ်းကျကာကွယ် | ၄၁၃ |
| ၄ | ဖယ်ခုံ | ဝက်ဝမ်းကျကာကွယ် | ၉၀ |
| | | စုစုပေါင်း | ၁,၃၅၀ |

## ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်း

| စဉ် | မြို့နယ် | ကာကွယ်ဆေးအမည် | ကောင်ရေ |
|---|---|---|---|
| ၁ | ဒီးဘောင်းခူ | ခွေးရူးရောဂါ ကာကွယ်ဆေး | ၃၅ |
| ၂ | ဖယ်ခုံ | ခွေးရူးရောဂါ ကာကွယ်ဆေး | ၅၀ |
| | | စုစုပေါင်း | ၈၅ |

## ကူးစက်ရောဂါပြန့်ပွားခြင်းဆိုင်ရာလုပ်ငန်း

| စဉ် | မြို့နယ် | ကျေးရွာ | ဆောင်ရွက်မှုလုပ်ငန်း |
|---|---|---|---|
| ၁ | ဒီးမော့ဆို(အရှေ့) | ၄ | လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်ကုသဆေး အနည်းငယ်ပေးအပ်ခြင်း |
| ၂ | ဖယ်ခုံ | ၁ | လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်ကုသဆေး အနည်းငယ်ပေးအပ်ခြင်း |

## ဆည်မြောင်းဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှု

| စဉ် | အကြောင်းအရာ | မြို့နယ် | သုံးစွဲမှုကုန်ကျစရိတ် |
|---|---|---|---|
| ၁ | ကုန်ထုတ်လမ်းတံတားပြုပြင်ခြင်း | လွိုင်နန်းဖ | ၁,၉၀၅,၀၀၀ |

ဆက်သွယ်ရန် - Email: IEC_dept.ali@protonmail.com
Signal Number- +959428007376
Facebook: https://www.facebook.com/ieckarenni.doali/

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
ဆောက်လုပ်ရေးဌာန



# ဆောက်လုပ်ရေးဌာန

ဆောက်လုပ်ရေးဌာနကို စီမံဘဏ္ဍာဌာနခွဲနှင့် အင်ဂျင်နီယာဌာနခွဲဟူ၍ ဌာနခွဲ (၂) ခုဖြင့်လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကရင်နီပြည် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအဆောက်အအုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဆောက်လုပ်ရေးမူဝါဒများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ တတိယ (၃) လပတ်အတွင်း ဆောက်လုပ်ရေးဌာနမှ မယ်စဲမြို့နယ်တွင် တံတားတစ်စင်း တည်ဆောက်ခြင်း၊ ဒီးဘောင်းခူမြို့နယ်နှင့် နန်းမယ်ခုံမြို့နယ်တို့တွင် လမ်းပြုပြင်တည်ဆောက်ခြင်း၊ စာသင်ကျောင်းတစ်ခုတွင် ဗုံးခိုကျင်းတည်ဆောက်ပေးခြင်းစသည့် စီမံကိန်း (၄) ခုကို ဆောင်ရွက်ခဲ့ပါသည်။

## ၂၀၂၅ခုနှစ်၊ တတိယ (၃) လပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် စီမံကိန်းများ

| စီမံကိန်းအမျိုးအစား | မြို့နယ် | စီမံကိန်းပြီးစီးသည့်နေ့ |
|---|---|---|
| တံတားတည်ဆောက်ခြင်း | မယ်စဲ | ၇.၉.၂၀၂၅ |
| လမ်းပြုပြင်ခြင်း | ဒီးဘောင်းခူ | ၃၁.၇.၂၀၂၅ |
| လမ်းပြုပြင်ထိန်းသိမ်းခြင်း | လွိုင်နန်းဖ | ၁၆.၈.၂၀၂၅ |
| ဗုံးခိုကျင်း ဆောက်လုပ်ခြင်း | လွိုင်နန်းဖ | ၂၅.၉.၂၀၂၅ |

ဆက်သွယ်ရန် - Email: Idoc5052@gmail.com
Facebook: https://www.facebook.com/ieckarenni.doc/

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
## လူငယ်ရေးရာဌာန



# လူငယ်ရေးရာဌာန

## ၂၀၂၅ခုနှစ်၊ တတိယ (၃) လပတ်၊ ဆောင်ရွက်ချက်များ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်တွင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူငယ်ရေးရာဌာနကို ကရင်နီပြည်လူငယ်မူဝါဒအရ ဖွဲ့စည်းခဲ့ပါသည်။ လူငယ်ရေးရာဌာနကို လူငယ်နှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ၊ လူငယ်နှင့် နိုင်ငံရေးဌာနခွဲ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းဌာနခွဲ၊ လူငယ်စင်တာဌာနခွဲ၊ လူငယ်နှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ စီမံဘဏ္ဍာဌာနခွဲတို့ဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ တတိယ သုံးလပတ်အတွင်းတွင် လူငယ်ရေးရာဌာနမှ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

- **လူငယ်များအတွက် နိုင်ငံရေး အမြင်ဖွင့် သင်တန်းများ ဖွင့်လှစ်ခြင်း၊**
- **ဌာနေတိုင်းရင်းသားလူငယ်များနှင့်တွေ့ဆုံခြင်း**
- **မြို့နယ်အသီးသီးရှိ လူငယ်များ၊ နယ်စပ်အခြေစိုက်ကျောင်းများရှိ ကျောင်းသူကျောင်းသားများနှင့် တွေ့ဆုံခြင်း၊**
- **လူငယ်ရေးရာစစ်တမ်းကောက်ယူခြင်း**

လူငယ်ရေးရာဌာန၏ တတိယ(၃) လပတ် လုပ်ငန်းအောင်မြင်မှုများမှာ လူငယ်စစ်တမ်းအား သတ်မှတ်ထားသော မြို့နယ်များတွင် အောင်မြင်စွာ ကောက်ယူနိုင်ခြင်း၊ လူငယ်များ၏ ပူးပေါင်းလုပ်ဆောင်နိုင်မှုအား မြှင့်တင်နိုင်ခြင်း၊ လုပ်ငန်းစဉ်များချမှတ်နိုင်ခြင်း၊ လူငယ်ရေးရာ လုပ်ငန်းများအတွက် ဌာနဆိုင်များနှင့် ပူးပေါင်းခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်သွယ်ရန် -Signal: +66963541503
Facebook - https://www.facebook.com/ieckarenni.doya/

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
## ကာကွယ်ရေးဌာန



# ကာကွယ်ရေးဌာန

ကာကွယ်ရေးဌာနကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်အတွင်း အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် စစ်ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျှော့ချခြင်း၊ တိုက်ခိုက်ချေမှုန်းခြင်းနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်စောင့်ရှောက်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်သည်။

ကာကွယ်ရေးဌာနအား စစ်ကျင့်ဝတ်စောင့်ကြည့်ရေးဌာနခွဲ၊ စစ်ထောက်လှမ်းရေးဌာနခွဲ၊ စစ်ဘက်ရေးရာပြန်ကြားရေးဌာနခွဲ၊ စစ်လက်နက်ထိန်းသိမ်းကြပ်မတ်ရေးဌာနခွဲ၊ စီမံဘဏ္ဍာဌာနခွဲတို့ဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကာကွယ်ရေးဌာနအနေဖြင့် ဖွဲ့စည်းပြီးသည့်ကာလမှစ၍ ကရင်နီပြည်တပ်ပေါင်းစုံစစ်ဦးစီးအဖွဲ့နှင့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊ ကရင်နီပြည်တပ်ပေါင်းစည်းခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်း၊ ကရင်နီပြည်ရှိ တပ်ဖွဲ့များနှင့်တွေ့ဆုံခြင်း၊ ကျဆုံးရဲဘော်များအား ထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## ကာကွယ်ရေးဌာန၏ ရည်မှန်းချက်

ကရင်နီပြည်၊ ပြည်သူပြည်သားများ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်၍ ငြိမ်းချမ်းသာယာသော ဖက်ဒရယ်နိုင်ငံတော်ဆီသို့ ရောက်ရှိနိုင်ရန်ဖြစ်သည်။

## ကာကွယ်ရေးဌာန၏ ရည်ရွယ်ချက်များ

(၁) ပြည်သူအပေါ်ထိခိုက်မှုများကို တိုက်ခိုက်ချေမှုန်းရန်၊
(၂) ပြည်သူများ၏ အသက် အိုးအိမ်များကို ကာကွယ်ရန်၊
(၃) ပြည်သူနှင့် တပ်ဖွဲ့ဝင်များအပေါ် တရားမျှတစွာဂရုစိုက်ရန်၊
(၄) သတင်းအချက်အလက်များကို စုဆောင်း၊ အစီရင်ခံ၊ မျှဝေခြင်းဖြင့် အန္တရာယ် ကြိုတင်သတိပေးနိုင်ရန်။

ဆက်သွယ်ရန် - Email: departmentofdefense@karennistategovernment.org
Signal Number: +959401461480
Facebook: https://www.facebook.com/ieckarenni.dod/